# ၂၀၁၄ ခုနှစ်

# အဆောက်အအုံဆိုင်ရာ

# နည်းဥပဒေများ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံဆိုင်ရာ နည်းဥပဒေများ

## မာတိကာ


| စဉ် | အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁ | ၁ | အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက် | ၁ |
| ၂ | ၂ | အဆောက်အအုံဆောက်လုပ်ခွင့် လျှောက်ထားခြင်း၊ ခွင့်ပြုခြင်း | ၃ |
| ၃ | ၃ | လိုင်စင်ထုတ်ပေးခြင်း | ၁၀ |
| ၄ | ၄ | ကော်မတီပိုင်အဆောက်အအုံများ | ၁၁ |
| ၅ | ၅ | လူနေထိုင်ရန် မသင့်သည့် အဆောက်အအုံများ | ၁၂ |
| ၆ | ၆ | ကျူးကျော်ခွန် ကောက်ခံခြင်း | ၁၆ |
| ၇ | ၇ | ဆိုင်းဘုတ်နှင့်ကြော်ငြာများ | ၁၇ |
| ၈ | ၈ | တားမြစ်ချက်များ | ၁၈ |
| ၉ | ၉ | အထွေထွေ | ၁၉ |

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံဆိုင်ရာ နည်းဥပဒေများ

ရန်ကုန်တိုင်းဒေသကြီးအစိုးရ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမိန့်ကြော်ငြာစာအမှတ်၊ ၂ / ၂၀၁၄

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်

(၂၀၁၄ ခုနှစ် ဩဂုတ်လ၊ ၆ ရက်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ၂၀၁၃ ခုနှစ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၈၅၊ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ **အဆောက်အအုံဆိုင်ရာ နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ၂၀၁၃ ခုနှစ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ တွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ ၂၀၁၃ ခုနှစ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ဆိုသည်။

(ခ) **ကော်မတီ** ဆိုသည်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကို ဆိုသည်။

(ဂ) **မြို့တော်နယ်နိမိတ်** ဆိုသည်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ် ကိုဆိုသည်။

(ဃ) **အဆောက်အအုံ** ဆိုသည်မှာ မည်သည့်ဆောက်လုပ်ရေးပစ္စည်းဖြင့်မဆို ယာယီ သို့မဟုတ် အမြဲတမ်း ဆောက်လုပ်သည့် အိမ်၊ တိုက်၊ တဲ၊ တစ်ဖက်ယပ်၊ အမိုးပါရှိသော အခြားအဆောက်အအုံ သို့မဟုတ် ယင်းတို့၏ အစိတ်အပိုင်းကို ဆိုသည်။ ယင်း စကားရပ်တွင် အဆောက်အအုံနံရံ၊ မြေထိန်းနံရံ၊ အကာအရံ၊ ဝင်းတံခါး၊ ခြံစည်းရိုး၊ ဝင်းထရံ၊ ဇာတ်ခုံ၊ တိုင်၊ ကျားထောက်နှင့် အဆောက်အအုံ၏ အကြမ်းထည် တို့လည်း ပါဝင်သည်။

(င) **အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း** ဆိုသည်မှာ အဆောက်အအုံတစ်ခုခုကို အသစ်ဆောက် လုပ်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ အကြီးစားပြင်ဆင်ခြင်း သို့မဟုတ် အသေးစားပြင်ဆင်ခြင်း၊ခြံစည်းရိုး ကာရံခြင်းနှင့် ဖြိုဖျက်ခြင်းများကို ဆိုသည်။ ယင်းစကားရပ်တွင်အဆောက်အအုံနှင့် အဆောက် အအုံဆိုင်ရာအစိတ်အပိုင်း ဖြိုဖျက်ခြင်းလည်း ပါဝင်သည့်အပြင် အဆောက်အအုံ လုပ်ငန်းများ အကောင်အထည်ဖော်ရန်အတွက် မြေပြုပြင်ခြင်း၊ အုတ်မြစ်တူးဖော်ခြင်းနှင့် အခြား လိုအပ်သည့် ပြင်ဆင်ခြင်း၊ ဆောင်ရွက်ခြင်းများလည်း ပါဝင်သည်။

(စ) **အဆောက်အအုံအသေးစားပြင်ဆင်ခြင်း** ဆိုသည်မှာ မူလအဆောက်အအုံ အရွယ်အစားနှင့် မူလဖွဲ့စည်းတည်ဆောက်မှုပုံစံကို မပြောင်းလဲစေဘဲ တစ်စိတ်တစ်ပိုင်းပြင်ဆင်ခြင်းကို ဆိုသည်။

(ဆ) **အဆောက်အအုံအကြီးစားပြင်ဆင်ခြင်း** ဆိုသည်မှာ မူလအဆောက်အအုံ ကို တိုးချဲ့ခြင်း၊ မြှင့်ခြင်း၊ နိမ့်ခြင်း၊အုတ်မြစ်အသစ်ပြုလုပ်ခြင်းတို့ မပြုလုပ်ဘဲ မူလပစ္စည်းအမျိုးအစား သို့မဟုတ် ထို့ထက် ပိုမိုကောင်းမွန်ခိုင်ခံ့သောပစ္စည်းကို ပြောင်းလဲသုံးစွဲပြီး ပြင်ဆင်ခြင်းကို ဆိုသည်။

(ဇ) **တိုးချဲ့ဆောက်လုပ်ခြင်း** ဆိုသည်မှာ မူလဆောက်လုပ်ပြီး အဆောက်အအုံကို တိုးချဲ့ခြင်း၊ မြှင့်ခြင်း၊ ရှေ့နောက်နှင့် ဘေးဝဲ ယာတို့တွင် အဖီနှင့် အဆွယ်များ ဖြည့်စွက်ဆောက်လုပ်ခြင်းတို့ကို ဆိုသည်။

(ဈ) **အသစ်ဆောက်လုပ်ခြင်း** ဆိုသည်မှာ မြေကွက်လွတ်တွင်ဖြစ်စေ၊ အဆောက်အအုံတစ်ခု၏ နေရာတွင်ဖြစ်စေ အသစ် ဆောက်လုပ်ခြင်းကို ဆိုသည်။

(ည) **ဖြိုဖျက်ခြင်း** ဆိုသည်မှာ အဆောက်အအုံ တစ်ခုလုံးဖြစ်စေ၊ ယင်း၏နံရံဖြစ်စေ၊ ယင်း၏ အဓိကအစိတ်အပိုင်းဖြစ်စေ၊ ယင်းနှင့်ဆက်စပ်နေသော အစိတ်အပိုင်းတစ်ခုခုဖြစ်စေ မူလပုံသဏ္ဍာန်မှ ပြောင်းလဲသွားစေရန်သော်လည်းကောင်း၊ မူလပုံစံတစ်ခုလုံး ပျက်ယွင်းသွားစေရန်သော်လည်းကောင်း ဆောင်ရွက်ခြင်းကို ဆိုသည်။

(ဋ) **ပိုင်ရှင်** ဆိုသည်မှာ မြို့တော်နယ်နိမိတ်အတွင်းရှိ အဆောက်အအုံ သို့မဟုတ် မြေကွက်ပိုင်ဆိုင်သူကို ဆိုသည်။ ယင်းစကားရပ်တွင် အဆောက်အအုံ သို့မဟုတ် မြေကွက်ငှားရမ်းခများကို မိမိအတွက်ဖြစ်စေ၊ ကိုယ်စားလှယ်အဖြစ်ဖြင့် ဖြစ်စေ၊ ပစ္စည်းထိန်းအဖြစ်ဖြင့်ဖြစ်စေ လက်ခံရယူသူ သို့မဟုတ် လက်ခံရယူမည့်သူများလည်း ပါဝင်သည်။

(ဌ) **နေထိုင်အသုံးပြုသူ** ဆိုသည်မှာ မြေ သို့မဟုတ် အဆောက်အအုံတွင် အမြဲတမ်းဖြစ်စေ၊ ယာယီဖြစ်စေ နေထိုင်သူ သို့မဟုတ် အသုံးပြုသူကို ဆိုသည်။

(ဍ) **တဲအဆောက်အအုံ** ဆိုသည်မှာ အပြင်နံရံများနှင့်အမိုးကို ဝါး၊ ဓနိ၊ သက်ငယ် သို့မဟုတ် အခြားမီးလောင်လွယ်သော ပစ္စည်းများဖြင့် အဆောက်အအုံတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တည်ဆောက်ထားသည့် အဆောက်အအုံကို ဆိုသည်။

(ဎ) **နစ်နာသူ** ဆိုသည်မှာ အဆောက်အအုံဆောက်လုပ်ခြင်းကြောင့် မိမိပိုင်အဆောက်အအုံတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ မိမိပိုင်ပစ္စည်း တစ်ခုခုကိုဖြစ်စေ ပျက်စီးဆုံးရှုံးခြင်းခံရသူကို ဆိုသည်။

(ဏ) **ဆိုင်းဘုတ်** ဆိုသည်မှာ ရုံး၊ ဌာနတစ်ခုခု၊ အဖွဲ့အစည်းတစ်ခုခု၏ ကိုယ်စားပြုအမည်ရေးသားချက်များကို စီးပွားရေးအလို့ငှာ မဟုတ်ဘဲ အများသိသာရန် ချိတ်ဆွဲ၊ စိုက်ထူ၊ တပ်ဆင်၊ ရေးသားထားခြင်းကို ဆိုသည်။

(တ) **ကြော်ငြာ** ဆိုသည်မှာ ပစ္စည်းတစ်မျိုးမျိုးကို အသုံးပြု၍ ဖြစ်စေ၊ လျှပ်စစ် သို့မဟုတ် ကွန်ပျူတာ သို့မဟုတ် အခြားနည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ ဖြစ်စေ စီးပွားရေးအလို့ငှာ ဖော်ပြလိုသည့် အကြောင်းအရာများကို အများသိစေရန် ချိတ်ဆွဲ၊ စိုက်ထူ၊ တပ်ဆင်၊ ရေးသားထားခြင်းကို ဆိုသည်။

## အခန်း (၂)
## အဆောက်အအုံဆောက်လုပ်ခွင့် လျှောက်ထားခြင်း၊ ခွင့်ပြုခြင်း

၃။ မြို့တော်နယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၄။ ကော်မတီသည် နည်းဥပဒေ ၃ အရ လျှောက်လွှာကိုစိစစ်ပြီး-

(က) မြေပိုင်ဆိုင်မှုမှန်ကန်ပါက အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း ခွင့်ပြုမပြုကိုလျှောက်ထားသူအား လျှောက်လွှာလက်ခံရရှိသည့်နေ့မှ နှစ်လအတွင်း အကြောင်းကြားရမည်။

(ခ) လျှောက်လွှာတွင် လိုအပ်ချက်များရှိပါက လာရောက်ဖြည့်စွက်ရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။ အကြောင်းကြားသည့်နေ့မှစတင်ရေတွက်ပါက သုံးလပြည့်သည့်နေ့ရက်ထိ လာရောက်ဖြည့်စွက်တင်ပြခြင်းမရှိပါက လျှောက်ထားသူ၏ ဆောက်လုပ်ခွင့်အမှုတွဲကို ပယ်ဖျက်နိုင်သည်။

၅။ ကော်မတီသည် အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ချက်များရှိသော်လည်း တည်ဆဲအဆောက်အအုံဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ပါက အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းကို ခွင့်ပြုနိုင်သည်။

၆။ ကော်မတီသည် ပိုင်ဆိုင်မှုအတည်မပြုနိုင်သည့် မြေကွက်များတွင် အဆောက်အအုံဆောက်လုပ်ခွင့်လျှောက်ထားလာပါက မြို့တော်အင်္ဂါရပ်နှင့်ညီညွတ်ရန်အလို့ငှာ သုံးထပ်ထက်မပိုသော အဆောက်အအုံများကို မြေပိုင်ဆိုင်မှုနှင့်မသက်ဆိုင်ဘဲ ခွင့်ပြုနိုင်သည်။

၇။ ကော်မတီသည် ဆောက်လုပ်ခွင့်လျှောက်ထားလာသည့် အဆောက်အအုံများတွင် ယာဉ်ရပ်နားရန်နေရာအပါအဝင် မြို့ပြဆိုင်ရာ လိုအပ်ချက်များကို ထည့်သွင်းဆောက်လုပ်ရန် ညွှန်ကြားနိုင်သည်။

၈။ ကော်မတီသည် -

(က) အဆောက်အအုံအမျိုးအစားအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးရမည့် သက်တမ်းကာလကို အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်အမိန့်တွင် သတ်မှတ်ပေးရမည်။

(ခ) အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်အမိန့်ထုတ်ပေးသည့်နေ့မှစတင်၍ တစ်နှစ်အတွင်း စတင်ဆောင်ရွက်ခြင်းမပြုပါက လုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်ကို ပြန်လည် ရုပ်သိမ်းနိုင်သည်။

၉။ အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရသူသည်-

(က) ကော်မတီက ထုတ်ပေးသော အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်ကို အများပြည်သူမြင်နိုင်စေရန် အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းနေရာတွင် ခွင့်ပြုမိန့်ရရှိသူ၏ အမည်၊ ကြီးကြပ်သူအင်ဂျင်နီယာနှင့်ကန်ထရိုက်တာတို့၏ အမည်၊ လိုင်စင်အမှတ်၊ ခွင့်ပြုသည့်သက်တမ်းကာလနှင့် ခွင့်ပြုသည့် အဆောက်အအုံဆိုင်ရာ အချက်အလက်များကို ဖော်ပြထားသည့်

ဆိုင်းဘုတ်ကို စွဲကပ်ထားရမည်။

(ခ ) ကော်မတီက ခွင့်ပြုသည့်အဆောက်အအုံပုံစံနှင့်အညီ ဆောက်လုပ်ရမည်။

(ဂ ) ကော်မတီက ခွင့်ပြုထားသည့် အဆောက်အအုံပုံစံနှင့်ကွဲလွဲခြားနားသည့် အဆောက်အအုံဆောက်လုပ်ရန် အကြောင်းပေါ်ပေါက်ပါက ကွဲလွဲခြားနားသည့် ပုံစံအတိုင်းဆောက်လုပ်ခွင့်ရရှိနိုင်ရေးအတွက် ပြင်ဆင်ဆောက်လုပ်လိုသော အဆောက်အအုံပုံစံနှင့်အတူ ကော်မတီသို့ ထပ်မံလျှောက်ထားရမည်။

(ဃ) ခိုင်လုံသောအထောက်အထားတင်ပြနိုင်ပါက အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့် အမိန့်ကို သက်တမ်းတိုးမြှင့်ပေးရန် ကော်မတီသို့ လျှောက်ထားနိုင်သည်။

၁၀။ ကော်မတီသည်–

(က) နည်းဥပဒေ ၉၊ နည်းဥပဒေခွဲ(ဂ)အရ လျှောက်ထားချက်ကို စိစစ်ပြီး အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်းဆိုင်ရာ စည်းကမ်းချက်များနှင့် ညီညွတ်ပါက ပြင်ဆင်ဆောက်လုပ်လိုသော အဆောက်အအုံပုံစံကို ခွင့်ပြုနိုင်သည်။

(ခ) နည်းဥပဒေ ၉၊ နည်းဥပဒေခွဲ(ဃ)အရ လျှောက်ထားချက်ကိုစိစစ်ပြီး အကြောင်းခိုင်လုံပါက တစ်ကြိမ်လျှင် တစ်နှစ်စီဖြင့် သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

၁၁။ အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရသူသည် အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရာတွင် ပတ်ဝန်းကျင်နှင့်ဆက်စပ်လျက်ရှိသော နေထိုင်သူများ၏ အဆောက်အအုံများ၊ ပစ္စည်းများ၊ အသက်အန္တရာယ်၊ ကျန်းမာရေး သို့မဟုတ် လမ်းသွားလမ်းလာများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးကို မထိခိုက်စေရန် ကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည်။

၁၂။ ကော်မတီ၏ ခွင့်ပြုချက်ဖြင့် အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရာတွင် ယင်းလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ရှိ အဆောက်အအုံတစ်ခုခု သို့မဟုတ် ယင်းအဆောက်အအုံ၏ အစိတ်အပိုင်းတစ်ခုခု ပျက်စီးချို့ယွင်းမှု ပေါ်ပေါက်ပါက နစ်နာသူသည် ကော်မတီသို့ ကန့်ကွက်လွှာတင်နိုင်သည်။

၁၃။ ကော်မတီသည် နည်းဥပဒေ ၁၂ အရ နစ်နာသူက တင်ပြလာသော ကန့်ကွက်လွှာနှင့် စပ်လျဉ်း၍အမြန်ဆုံး စုံစမ်းစစ်ဆေးပြီး အမှန်တကယ် နစ်နာကြောင်းတွေ့ရှိပါက အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရသူနှင့်ညှိနှိုင်း၍ ပျက်စီးမှုတန်ဖိုးနှင့်လျော်ညီသည့် လျော်ကြေးကို သတ်မှတ်ပေးရမည်။

၁၄။ နည်းဥပဒေ ၁၃ အရ ကော်မတီက ညှိနှိုင်းသတ်မှတ်ပေးသည့် လျော်ကြေးကို ကာယကံရှင်များက လက်မခံလျှင်ဖြစ်စေ၊ ကော်မတီက ညှိနှိုင်းသတ်မှတ်ပေးနိုင်ခြင်းမရှိလျှင်ဖြစ်စေ နစ်နာသူသည်တည်ဆဲဥပဒေများနှင့်အညီ လျော်ကြေးရရှိစေရေးအတွက် သက်ဆိုင်ရာတရားရုံးသို့ လျှောက်ထားရန် ညွှန်ကြားနိုင်ပြီး ကော်မတီသည် ယင်းအဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်းကို ဆက်လက်ဆောက်လုပ်ရန် သို့မဟုတ် ရပ်ဆိုင်းရန် ညွှန်ကြားနိုင်သည်။

၁၅။ အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရသူသည် –

(က) ကော်မတီက ခွင့်ပြုထားသည့် အဆောက်အအုံပုံစံနှင့်အညီ ပန္နက်ချ မချ၊ လမ်းနယ်သတ်မျဉ်းကြောင်း၊ အဆောက်အအုံနယ်သတ်မျဉ်းကြောင်းများ ချမှတ်ရာတွင် မှန်ကန်ခြင်း ရှိ မရှိ၊ ခွင့်ပြုထားသည့် အဆောက်အအုံပုံစံနှင့် ညီညွတ်ခြင်း ရှိ မရှိ တို့ကို ကော်မတီက တာဝန်ပေးအပ်ထားသော အဆောက်အအုံ အင်ဂျင်နီယာ၏ စစ်ဆေးခြင်းကို ခံယူရမည်။

(ခ ) လမ်းဆုံ၊ လမ်းခွနေရာများ၊ အချက်အချာကျသည့်နေရာများ သို့မဟုတ် ကော်မတီက သတ်မှတ်ထားသည့်နေရာများတွင် ဆောက်လုပ်မည့် အဆောက်အအုံကို ဗိသုကာဆိုင်ရာ လိုအပ်ချက်များနှင့်ညီညွတ်စေရန် သို့မဟုတ် လမ်းသွားလမ်းလာနှင့် ယာဉ်များအတွက် မြင်ကွင်းဖုံးကွယ်မှုမဖြစ်စေရန် ကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ ဆောက်လုပ်ရမည်။

၁၆။ အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းတစ်ခုခုသည် အဆောက်အအုံများကို ဆောက်လုပ်လိုပါက သတ်မှတ်ထားသော ပညာအရည်အချင်းနှင့်ပြည့်စုံသည့် လိုင်စင်ရအင်ဂျင်နီယာတစ်ဦးဦး၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဆောက်လုပ်ရမည်။

၁၇။ သက်ဆိုင်ရာ အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းတစ်ခုခုသည် နည်းဥပဒေ ၁၆ အရ ဆောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍ ကော်မတီသို့ ဆောက်လုပ်ခွင့် လျှောက်ထားရမည်။

၁၈။ တဲအဆောက်အအုံဆောက်လုပ်ခြင်းနှင့် အဆောက်အအုံအသေးစား ပြင်ဆင်ခြင်းလုပ်ငန်းမှအပ အခြား အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် ဆောက်လုပ်ခြင်းလုပ်ငန်းကို လိုင်စင်ရအင်ဂျင်နီယာ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့်သာ ဆောက်လုပ်ရမည်။

၁၉။ အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရသူသည် လျှပ်စစ်မီတာတပ်ဆင်ခြင်း၊ လျှပ်တာပြောင်း (ထရန်စဖော်မာ)တပ်ဆင်ခြင်း၊ အရေးပေါ်ထွက်ပေါက်တပ်ဆင်ခြင်း၊ ရေဆိုးစွန့်ပစ်ခြင်းနှင့် အမှိုက်စွန့်ပစ်စနစ်၊ မီးဘေးလုံခြုံရေးစနစ်၊ လမ်းတံတားဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများ၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၂၀။ အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရသူသည် –

(က) အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းပြီးစီးကြောင်းကို လုပ်ငန်းပြီးစီးသည့်နေ့မှ ရက်ပေါင်း သုံးဆယ် အတွင်း ကော်မတီသို့ စာဖြင့်တင်ပြရမည်။

(ခ ) အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း ပြီးစီးမှုနှင့်စပ်လျဉ်း၍ ကော်မတီ၏ စစ်ဆေးခြင်းကို ခံယူ ရမည်။

၂၁။ ကော်မတီသည် နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(က)အရ အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်း ပြီးစီးကြောင်းတင်ပြစာရရှိသည့်အခါ အင်ဂျင်နီယာဌာန(အဆောက်အအုံ)အား ယင်းအဆောက်အအုံကို ရက်ပေါင်း သုံးဆယ် အတွင်း စစ်ဆေး၍ စစ်ဆေးချက်အစီရင်ခံစာကို ကော်မတီသို့တင်ပြရန် ညွှန်ကြားရမည်။

၂၂။ ကော်မတီသည် စစ်ဆေးချက်အစီရင်ခံစာကိုစိစစ်ပြီး အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ကော်မတီက စိစစ်ခွင့်ပြုထားသည့်အဆောက်အအုံပုံစံနှင့်အညီ ဆောက်လုပ်ပြီးစီးပါက ယင်း အဆောက်အအုံတွင် လူနေထိုင်အသုံးပြုခွင့်ပေးခြင်း၊

(ခ ) ကော်မတီက စိစစ်ခွင့်ပြုထားသည့် အဆောက်အအုံပုံစံနှင့်ကွဲလွဲခြားနားစွာ ဆောက်လုပ်ထားကြောင်း တွေ့ရှိပါက အဆောက်အအုံတွင် နေထိုင်အသုံးပြုခွင့်မပေးဘဲ ယင်းအဆောက်အအုံကို ခွင့်ပြုချက်ပုံစံနှင့်အညီ သတ်မှတ်ကာလအတွင်း ပြန်လည်ပြုပြင် ဆောက်လုပ်ရန်ညွှန်ကြားခြင်း၊

(ဂ ) ကော်မတီက စိစစ်ခွင့်ပြုထားသည့် အဆောက်အအုံပုံစံနှင့် ကွဲလွဲခြားနားနေသည်သာမက အဆောက်အအုံ ဆောက်လုပ်ခြင်းဆိုင်ရာ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်းတွေ့ရှိပါက ယင်း အဆောက်အအုံကို ခွင့်ပြုချက်ပုံစံနှင့်အညီ သတ်မှတ်ကာလအတွင်း ပြန်လည်ပြုပြင်ဆောက်လုပ်ရန် သို့မဟုတ် လိုအပ်ပါက ပုံစံကွဲလွဲဆောက်လုပ်မှုများအား ဖြိုဖျက်ရန် ညွှန်ကြားခြင်း။

၂၃။ အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရသူသည် နည်းဥပဒေ ၂၂၊ နည်းဥပဒေခွဲ (ဂ)အရ ကော်မတီ၏ ညွှန်ကြားစာရရှိပြီး ရက်ပေါင်းသုံးဆယ်အတွင်း အဆောက်အအုံပုံစံ ပြင်ဆင်ခွင့်လျှောက်လွှာကို ကော်မတီသို့ တင်သွင်းရမည်။

၂၄။ ကော်မတီသည် နည်းဥပဒေ ၂၃ အရ တင်သွင်းလာသော လျှောက်လွှာကိုစိစစ်ပြီး သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ဆောက်လုပ်ရေးလုပ်ငန်းကို ဆက်လက်ဆောက်လုပ်ခွင့်ပြုရမည်။

၂၅။ အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် နည်းဥပဒေ ၂၂၊ နည်းဥပဒေခွဲ(ဂ) အရ ကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ပြီးစီးလျှင် ယင်းသို့ ပြီးစီးသည့်နေ့မှ ရက်ပေါင်းသုံးဆယ်အတွင်း ကော်မတီသို့ စာဖြင့်တင်ပြရမည်။

၂၆။ ကော်မတီသည် ဆောက်လုပ်ခွင့်ပြုခဲ့သော အဆောက်အအုံကို စစ်ဆေးပြီးနောက် အောက်ပါအချက်များနှင့် ညီညွတ်ပါက ယင်းအဆောက်အအုံတွင် နေထိုင်အသုံးပြုခွင့်ပေးရမည်-

(က) ခွင့်ပြုထားသည့်အဆောက်အအုံပုံစံနှင့်အညီ ဆောက်လုပ်ထားခြင်း၊

(ခ ) အဆောက်အအုံ ဆောက်လုပ်ခြင်းဆိုင်ရာ စည်းကမ်းချက်များကို ဖောက်ဖျက်မှုမရှိခြင်း။

၂၇။ ကော်မတီသည်-

(က) နည်းဥပဒေ ၂၂၊ နည်းဥပဒေခွဲ(ဂ)အရ ကော်မတီ၏ပုံစံကွဲလွဲဆောက်လုပ်မှုများ ပြန်လည် ဖြိုဖျက်ရန် ညွှန်ကြားချက်ကို အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်ရသူက သတ်မှတ်ကာလအတွင်း လိုက်နာရန် ပျက်ကွက်လျှင် ထိုသူအား မည်သည့်အတွက်ကြောင့် ယင်းအဆောက်အအုံကို ဖြိုဖျက်ခြင်းမပြုသင့်ကြောင်း အချိန်ကာလသတ်မှတ်လျက် ဖြေရှင်းချက် တောင်းခံရမည်။

(ခ) အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်ရသူ၏ ဖြေရှင်းချက်ကို လက်မခံပါက ယင်းအဆောက်အအုံကို ကော်မတီ၏ အစီအစဉ်ဖြင့် ဖြိုဖျက်ခွင့်ရှိသည်။

၂၈။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း ခွင့်ပြုချက်မဲ့အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်နေကြောင်း သို့မဟုတ် ခွင့်ပြုချက်ရှိသော်လည်း သတ်မှတ်ခွင့်ပြုချက်အတိုင်း မဟုတ်ဘဲ ပုံစံကွဲလွဲ ဆောက်လုပ်နေကြောင်း သတင်းရရှိလျှင်သော်လည်းကောင်း၊ စစ်ဆေးတွေ့ရှိလျှင်သော်လည်းကောင်း အောက်ပါအတိုင်း စီမံခန့်ခွဲနိုင်သည်-

(က) ခွင့်ပြုချက်မရှိဘဲ အဆောက်အအုံဆောက်လုပ်ခြင်းကို လုပ်ငန်းရပ်ဆိုင်းထားပြီး ခွင့်ပြုချက် လျှောက်ထားရန် သို့မဟုတ် ဖျက်သိမ်းရန်နှင့် မလိုက်နာက တရားစွဲမည်ဖြစ်ကြောင်း အကြောင်းကြားရမည်။

(ခ) ခွင့်ပြုချက်ရှိသော်လည်း ခွင့်ပြုပုံစံနှင့် ကွဲလွဲဆောင်ရွက်ခြင်းကို လုပ်ငန်းရပ်ဆိုင်းထားပြီး ခွင့်ပြုချက်ပြန်လည်လျှောက်ထားရန် သို့မဟုတ် ဖျက်သိမ်းရန်နှင့် မလိုက်နာက ဆောက်လုပ်ခွင့် ပယ်ဖျက်မည်ဖြစ်ပြီး တရားစွဲမည်ဖြစ်ကြောင်း အကြောင်းကြားရမည်။

(ဂ) နည်းဥပဒေခွဲ(က)နှင့်(ခ)အရ ခွင့်ပြုချက်လျှောက်ထားလာပါက စိစစ်၍ ဆောက်လုပ်ခွင့်ပြု နိုင်သည်။

(ဃ) နည်းဥပဒေခွဲ(က)နှင့်(ခ)အရ အကြောင်းကြားချက်အား လိုက်နာခြင်းမရှိဘဲ ဆက်လက် ဆောင်ရွက်ပါက ကျူးလွန်သူ၊ အားပေးကူညီသူနှင့် တာဝန်ရှိသူကို တရားစွဲဆို၍ အဆောက်အအုံ၏ အများမြင်သာသောနေရာတွင်ဖြစ်စေ၊ မြေကွက်၏ ရှေ့ခြံစည်းရိုးတွင်ဖြစ်စေ အနီရောင် သတိပေး တားမြစ်ချက်ဆိုင်းဘုတ်ကို စွဲကပ်ထားရမည်။

(င) နည်းဥပဒေခွဲ(ဃ)အရ ကော်မတီက အရေးယူဆောင်ရွက်သည်ကို လိုက်နာခြင်းမရှိဘဲ ဆက်လက် ဆောင်ရွက်လျှင် ကော်မတီက ဖွဲ့စည်းပေးထားသည့် ဖျက်သိမ်းဖယ်ရှားရှင်းလင်းရေးအဖွဲ့က လိုက်နာရန် ပျက်ကွက်သူထံ အကြောင်းကြားစာရရှိသည့်နေ့ရက်မှ ရက်ပေါင်း သုံးဆယ်အတွင်း ဖျက်သိမ်းဖယ်ရှားရှင်းလင်းရန် အကြောင်းကြားရမည်။

(စ) နည်းဥပဒေခွဲ(င)အရ ထုတ်ဆင့်သည့် အကြောင်းကြားစာကို သက်ဆိုင်သူထံ တစ်ကြိမ်သာ ပေးပို့ရန် ဖြစ်ပြီး သက်ဆိုင်သူက ယင်းအကြောင်းကြားစာကို လက်မခံဘဲ ငြင်းဆန်လျှင် အဆောက်အအုံ၏ အများမြင်သာသည့်နေရာတွင်ဖြစ်စေ၊ မြေကွက်၏ ရှေ့ခြံစည်းရိုးတွင် ဖြစ်စေ သက်ဆိုင်ရာ အုပ်ချုပ်ရေး အာဏာပိုင်တစ်ဦးဦး၏ ရှေ့မှောက်တွင် စွဲကပ်ရမည်။

(ဆ) အဆောက်အအုံကို ဖျက်သိမ်းဖယ်ရှားရှင်းလင်းရမည့် နောက်ဆုံးသတ်မှတ်နေ့ရက်အထိ ဖျက်သိမ်းဖယ်ရှား ရှင်းလင်းခြင်းမရှိပါက အနီးကပ်ဆုံးအစိုးရအဖွဲ့၏ အစည်းအဝေးသို့ တင်ပြပြီး ဖျက်သိမ်းဖယ်ရှား ရှင်းလင်းရေးအတွက် လုံခြုံရေးနှင့် အခြားလိုအပ်သောအကူအညီများ တောင်းခံရမည်။ အဆိုပါဖျက်သိမ်း ဖယ်ရှားရှင်းလင်းရေးအဖွဲ့သည် ဖျက်သိမ်းဖယ်ရှားရှင်းလင်းမည့်နေရာသို့ သွားရောက်ပြီး အဆောက်အအုံ အတွင်းရှိ နေထိုင်အသုံးပြုသူများနှင့် ဝင်ရောက်လျက်ရှိသူများကို ၎င်းတို့၏ ပစ္စည်းများအား တစ်ပါတည်း သယ်ဆောင်ထွက်ခွာဖယ်ရှားရန် အချိန်သတ်မှတ်၍ အသံချဲ့စက်ဖြင့် သုံးကြိမ်သတိပေးနှိုးဆော်ရမည်။ တစ်ပါတည်း ယူဆောင်သွားခြင်းမရှိပါက အဆိုပါ ပစ္စည်းများနှင့်စပ်လျဉ်း၍ ဖျက်သိမ်းဖယ်ရှား ရှင်းလင်းရေးအဖွဲ့တွင် တာဝန်မရှိစေရ။

(ဓ ) အဆောက်အအုံအတွင်းရှိ နေထိုင်အသုံးပြုသူများနှင့် ဝင်ရောက်လျက်ရှိသူများက ၎င်းတို့၏အစီအစဉ်ဖြင့် ထွက်ခွာပြီးလျှင်ဖြစ်စေ၊ ဖျက်သိမ်းဖယ်ရှားရှင်းလင်းရေးအဖွဲ့က ဖယ်ရှားရှင်းလင်းပြီးလျှင်ဖြစ်စေ အဆိုပါအဆောက်အအုံ သို့မဟုတ် အဆောက်အအုံတည်ရှိရာ မြေကွက်ကို ချိပ်ပိတ်ရမည်။

(ဈ ) အဆောက်အအုံအတွင်းရှိ နေထိုင်အသုံးပြုသူများနှင့် ဝင်ရောက်လျက်ရှိသူများက ၎င်းတို့၏သဘောအလျောက် ထွက်ခွာပြီးလျှင်ဖြစ်စေ၊ ဖျက်သိမ်းဖယ်ရှားရှင်းလင်းရေးအဖွဲ့က ဖယ်ရှားရှင်းလင်းပြီးလျှင်ဖြစ်စေ အဆိုပါအဆောက်အအုံတစ်ခုလုံးကိုသော်လည်းကောင်း၊ အဆောက်အအုံတစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း ဖျက်သိမ်းရန် လိုအပ်ပါက ဖျက်သိမ်းဖယ်ရှားရှင်းလင်းရေးအဖွဲ့၏ အစီအစဉ်ဖြင့် ဖျက်သိမ်းရမည်။ ယင်းသို့ ဖျက်သိမ်းရာမှ ထွက်ရှိလာသော အဆောက်အအုံ၏ အပိုင်းအစများကို ယင်းအဆောက်အအုံအတွင်း၌ဖြစ်စေ၊ ယင်းအဆောက်အအုံတည်ရှိရာ မြေကွက်အတွင်း၌ဖြစ်စေ၊အခြားသင့်လျော်သည့်နေရာ၌ဖြစ်စေ စုပုံထားရှိပြီး ယင်းအဆောက်အအုံ သို့မဟုတ် ယင်းအဆောက်အအုံတည်ရှိရာ မြေကွက်ကို ချိပ်ပိတ်ရမည်။ ချိပ်ပိတ်ထားသည့် အဆောက်အအုံ သို့မဟုတ် အဆောက်အအုံတည်ရှိရာမြေကွက်ကိုပိုင်ရှင်မှပြန်လည်လျှောက်ထားလာပါက စိစစ်ပြီး ပြန်လည်လွှဲပြောင်းပေးနိုင်သည်။

(ည) နည်းဥပဒေခွဲ (ဈ)အရ ဆောင်ရွက်ရသည့်အတွက် ကုန်ကျစရိတ်ကို ပိုင်ရှင် သို့မဟုတ် အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရသူထံမှ တောင်းခံနိုင်သည်။

(ဋ ) နည်းဥပဒေခွဲ (ည)အရတောင်းခံသည့်ကုန်ကျစရိတ်ကို ပိုင်ရှင် သို့မဟုတ် အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရသူမှ မပေးသွင်းပါက ယင်းငွေကို မြေခွန်မပြေ ကျန်ငွေဖြစ်သကဲ့သို့ အရတောင်းခံနိုင်သည်။

၂၉။ ကော်မတီသည် မိမိ၏ခွင့်ပြုချက်ဖြင့် ဆောက်လုပ်ခဲ့သော အဆောက်အအုံတစ်ခုခုနှင့်စပ်လျဉ်း၍ ငါးနှစ် အတွင်း ပြီးစီးအောင် ဆောက်လုပ်နိုင်ခြင်းမရှိကြောင်းတွေ့ရှိပါက ယင်းအဆောက်အအုံတည်ရှိရာဒေသ၏ ဗိသုကာဆိုင်ရာ လိုအပ်ချက်အပြင် မြို့တော်အင်္ဂါရပ်နှင့်လည်း ညီညွတ်စေရန် အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရသူနှင့်ညှိနှိုင်းပြီး သက်ဆိုင်ရာအဆောက်အအုံကို ပြီးစီးသည်အထိ ကြပ်မတ်၍ ဆက်လက်ဆောင်ရွက်စေနိုင်သည်။

၃၀။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း သတ်မှတ်သည့်မြို့နယ်များအတွင်းရှိ အဆောက်အအုံ တစ်ခုခုနှင့်စပ်လျဉ်း၍ ယင်းအဆောက်အအုံတည်ရှိရာ လမ်း သို့မဟုတ် ဒေသ၏ဗိသုကာဆိုင်ရာ လိုအပ်ချက်အရဖြစ်စေ၊ မြို့တော်မြင်ကွင်းသာယာလှပစေရန်အတွက်ဖြစ်စေ၊ မြို့တော်အင်္ဂါရပ်နှင့်ညီညွတ်စေရန်အတွက်ဖြစ်စေ အဆောက်အအုံ၌ တွယ်ကပ်သစ်ပင်ရှင်းလင်းခြင်း၊ ပြင်ဆင်ခြင်း၊ ထုံးသုတ်ခြင်း၊ ဆေးသုတ်ခြင်း သို့မဟုတ် ဖြိုဖျက်ပြီး အသစ်ထပ်မံဆောက်လုပ်ခြင်းပြုလုပ်ရန် လိုအပ်သည်ဟု ယူဆပါက သက်ဆိုင်ရာပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူအား ညွှန်ကြားနိုင်သည်။

၃၁။ ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူသည် နည်းဥပဒေ ၃၀ အရ ကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ သတ်မှတ်သည့်အချိန်အတွင်း ပြီးစီးစေရန် လိုက်နာဆောင်ရွက်ရမည်။ ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူက

နည်းဥပဒေ ၃၀ အရ ညွှန်ကြားချက်ကို လိုက်နာနိုင်သည့် အခြေအနေမရှိကြောင်း ပေါ်ပေါက်ပါက အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် –

(က) ကော်မတီ၏ အစီအစဉ်ဖြင့် ဆောင်ရွက်ခြင်း၊

(ခ) ကုန်ကျစရိတ်ကို ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူထံမှ တောင်းခံခြင်း၊

(ဂ) ကုန်ကျစရိတ်ကို ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူက သတ်မှတ်ကာလအတွင်း မပေးသွင်းပါက ယင်းငွေကို မြေခွန်မပြေ ကျန်ငွေဖြစ်သကဲ့သို့ အရ တောင်းခံခြင်း။

၃၂။ ကော်မတီသည် –

(က) မြို့တော်နယ်နိမိတ်အတွင်းရှိ မြေနေရာတွင် မြေကွက်လပ်ဖြစ်နေသဖြင့် ယင်းမြေကွက်တည်ရှိရာ လမ်း သို့မဟုတ် ဒေသ၏ဗိသုကာဆိုင်ရာ လိုအပ်ချက်အရဖြစ်စေ၊ မြို့တော်မြင်ကွင်းသာယာလှပစေရန် အတွက် ဖြစ်စေ၊ မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်စေရန်အတွက်ဖြစ်စေ အဆောက်အအုံဆောက်လုပ်ရန် လိုအပ်သည်ဟု ယူဆပါက ယင်းမြေကွက်ပေါ်တွင် ကော်မတီက သတ်မှတ်သည့်အဆောက်အအုံပုံစံ အတိုင်းသတ်မှတ်ကာလအတွင်းဆောက်လုပ်ရန် သက်ဆိုင်ရာမြေကွက်ပိုင်ရှင်အား ညွှန်ကြားနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က)အရ ညွှန်ကြားသော်လည်း သက်ဆိုင်ရာ မြေကွက်ပိုင်ရှင်က သတ်မှတ်သည့် ကာလအတွင်း အဆောက်အအုံကို ဆောက်လုပ်နိုင်ခြင်းမရှိလျှင် ပိုင်ရှင်နှင့် ညှိနှိုင်းသဘောတူညီချက် ရယူပြီး ယင်းမြေကွက်ပေါ်တွင် သင့်လျော်သည့်အဆောက်အအုံကို ဆောက်လုပ်ရန်စီစဉ်နိုင်သည်။

၃၃။ ကော်မတီသည် အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရသူက အချိန်ကြာမြင့်စွာ ဆောက်လုပ်ခဲ့ သော်လည်း မပြီးသေးသောအဆောက်အအုံများကို စစ်ဆေးပြီး အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်–

(က) ဆက်လက်ဆောက်လုပ်နေသည့် အဆောက်အအုံသည် တည်ဆောက်မှုခိုင်ခံ့ကြောင်း တွေ့ရှိပါက သက်ဆိုင်ရာပိုင်ရှင်အား သတ်မှတ်သည့်ကာလအတွင်း အပြီးဆောက်လုပ်ရန် ညွှန်ကြားခြင်း၊

(ခ) ဆောက်လုပ်နေသည့်အဆောက်အအုံသည် အချိန်ကြာမြင့်စွာ ရပ်နားထားမှုကြောင့် ဆောက်လုပ်ရေး ပစ္စည်းများ၏ စံချိန်စံညွှန်း မပြည့်မီ၍ နည်းပညာအရ ဆက်လက်ဆောက်လုပ်ရန် မသင့်ပါက ယင်းအဆောက်အအုံ၏ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ တစ်ခုလုံးကိုဖြစ်စေ ဖြိုဖျက်ရန် သက်ဆိုင်ရာ ပိုင်ရှင်အား ညွှန်ကြားခြင်း၊

(ဂ) နည်းဥပဒေခွဲ(ခ)အရ ညွှန်ကြားသော်လည်း သက်ဆိုင်ရာပိုင်ရှင်က သတ်မှတ်ကာလအတွင်း ယင်း အဆောက်အအုံအား ဖြိုဖျက်ခြင်းမပြုပါက ကော်မတီ၏အစီအစဉ်ဖြင့် ဖြိုဖျက်ရန် ဆောင်ရွက်ခြင်း။

၃၄။ ကော်မတီသည် –

(က) နယ်မြေဒေသအလိုက် ဆောက်လုပ်ရမည့် အဆောက်အအုံဆောက်လုပ်မှုနှင့်ပတ်သက်၍ ဇုန်များ သတ်မှတ်ခြင်း၊ ကန့်သတ်ဧရိယာများ သတ်မှတ်ခြင်း၊ အဆောက်အအုံအမျိုးအစား၊ ပုံစံ၊ ပန္နက်ပုံစံ၊ အဆောက်အအုံ၏အမြင့်၊ အထပ်အရေအတွက်၊ အဆောက်အအုံ နယ်သတ်မျဉ်းကြောင်းနှင့် လမ်းနယ် သတ်မျဉ်းကြောင်းအကွာအဝေး၊ အခန်းတစ်ခန်း၏ အနည်းဆုံးရှိရမည့် ဧရိယာ၊ အသုံးပြုရမည့် အမျိုးအစားတို့ကို သတ်မှတ်ကြေညာနိုင်သည်။

(ခ) လူအများနေထိုင်သော အဆောက်အအုံတို့တွင် သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ လူတို့၏ အသက်အန္တရာယ်ကာကွယ်ရန်အလို့ငှာ လိုအပ်သည့်အစီအမံများထားရှိရန် ညွှန်ကြားနိုင်သည်။

၃၅။ ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူသည် နည်းဥပဒေ ၃၄ အရ ကော်မတီ၏ သတ်မှတ်ချက်ကိုဖြစ်စေ၊ ကော်မတီ၏ညွှန်ကြားချက်ကိုဖြစ်စေ လိုက်နာရမည်။

၃၆။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်းရှိ ရှေးဟောင်းလက်ရာအဖြစ် သတ်မှတ်သင့်သော အဆောက်အအုံများကို ရှေးဟောင်းလက်ရာအဆောက်အအုံဟု သတ်မှတ်နိုင်သည်။

၃၇။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်းရှိ ရှေးဟောင်းလက်ရာအဖြစ် သတ်မှတ်ထားသော အဆောက်အအုံအား ပြင်ဆင်လိုပါက မူလပြင်ပပုံသဏ္ဌာန်နှင့် လက်ရာမပျက်ယွင်းစေဘဲ ပြင်ဆင်ခွင့်ပြုနိုင်သည်။

၃၈။ ကော်မတီသည် လမ်းနှစ်လမ်းထောင့်တွင်ဆောက်လုပ်မည့် အဆောက်အအုံ တစ်ခုခုကို ဗိသုကာဆိုင်ရာ မြို့တော်အင်္ဂါရပ်နှင့်ညီညွတ်စေရန် လမ်းသွားလမ်းလာနှင့် ယာဉ်များအတွက် မြင်ကွင်းဖုံးကွယ်မှုမဖြစ်ပေါ်စေရန် အဝိုင်းပုံစံဖြစ်စေ၊ နောက်ဆုတ်၍ဖြစ်စေ၊ ညီညာစွာတိမ်းဖယ်၍ ဖြစ်စေ၊ အခြားသင့်လျော်မည့်ပုံစံကိုဖြစ်စေ ဆောက်လုပ်ရန် ညွှန်ကြားနိုင်သည်။

## အခန်း (၃)
## လိုင်စင်ထုတ်ပေးခြင်း

၃၉။ ကော်မတီသည် –

(က) မြို့တော်နယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း၊ အဆောက်အအုံဆောက်လုပ်မှုနှင့် ဆက်နွှယ်သည့်လုပ်ငန်းများကို စီမံခန့်ခွဲနိုင်ရန်အလို့ငှာ သတ်မှတ်ထားသောအရည်အချင်းနှင့် ပြည့်စုံသူများအား သတ်မှတ်ထားသော အာမခံငွေတင်သွင်းစေ၍ ကန်ထရိုက်တာအဖြစ် မှတ်ပုံတင်ပြီး လိုင်စင်ထုတ်ပေးနိုင်သည်။

(ခ) နည်းဥပဒေခွဲ(က)အရ လိုင်စင်ထုတ်ပေးသည့်အခါ လိုင်စင်သက်တမ်းနှင့် အဆင့်တို့ကို သတ်မှတ်ပေးရမည်။

(ဂ) နည်းဥပဒေခွဲ(ခ)အရ သတ်မှတ်ပေးထားသည့် လိုင်စင်သက်တမ်းနှင့် အဆင့်တို့ကို တိုးမြှင့်သတ်မှတ်နိုင်သည်။

၄၀။ ကော်မတီသည် –

(က) မြို့တော်နယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း၊ အဆောက်အအုံ ဆောက်လုပ်မှုနှင့် ဆက်နွှယ်သည့်လုပ်ငန်းများကို စီမံခန့်ခွဲနိုင်ရန်အလို့ငှာ သတ်မှတ်ထားသော အရည်အချင်းနှင့် အတွေ့အကြုံရှိသူများကိုစိစစ်၍ ဗိသုကာအင်ဂျင်နီယာ၊ အဆောက်အအုံအင်ဂျင်နီယာ သို့မဟုတ် အင်ဂျင်နီယာ အဖြစ် မှတ်ပုံတင်ပြီး လိုင်စင်ထုတ်ပေးနိုင်သည်။

(ခ ) နည်းဥပဒခွဲ(က)အရ လိုင်စင်ထုတ်ပေးသည့်အခါ လိုင်စင်သက်တမ်းနှင့် အဆင့်တို့ကို သတ်မှတ်ပေးရမည်။

(ဂ ) နည်းဥပဒေခွဲ(ခ)အရ သတ်မှတ်ပေးထားသည့် လိုင်စင်သက်တမ်းနှင့် အဆင့်တို့ကို တိုးမြှင့်သတ်မှတ်နိုင်သည်။

၄၁။ ကော်မတီသည် –

(က) သတ်မှတ်ထားသော အရည်အချင်းနှင့် ကျွမ်းကျင်မှုရှိသူများကို လိုင်စင်ရ အင်ဂျင်နီယာအဖြစ် မှတ်ပုံတင်ပြီး လိုင်စင်ထုတ်ပေးနိုင်သည်။

(ခ ) နည်းဥပဒေခွဲ(က)အရ လိုင်စင်ထုတ်ပေးသည့်အခါ လိုင်စင်သက်တမ်းနှင့်အဆင့်တို့ကို သတ်မှတ်ပေးရမည်။

(ဂ ) နည်းဥပဒေခွဲ(ခ)အရ သတ်မှတ်ပေးထားသည့် လိုင်စင်သက်တမ်းနှင့်အဆင့်တို့ကို တိုးမြှင့်သတ်မှတ်နိုင်သည်။

၄၂။ လိုင်စင်ရ ကန်ထရိုက်တာ၊ လိုင်စင်ရဗိသုကာအင်ဂျင်နီယာ၊ လိုင်စင်ရအဆောက်အအုံ အင်ဂျင်နီယာ သို့မဟုတ် လိုင်စင်ရ အင်ဂျင်နီယာသည် လိုင်စင်သက်တမ်းတိုးမြှင့်လိုလျှင် လိုင်စင်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း သုံးဆယ် ကြိုတင်၍ သတ်မှတ်ချက်နှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၄၃။ ကော်မတီသည် လိုင်စင်ရ ကန်ထရိုက်တာ၊ လိုင်စင်ရ ဗိသုကာအင်ဂျင်နီယာ၊ လိုင်စင်ရ အဆောက်အအုံ အင်ဂျင်နီယာနှင့် လိုင်စင်ရအင်ဂျင်နီယာတို့၏ လုပ်ငန်းတာဝန်နှင့် လိုက်နာရမည့် စည်းကမ်းချက်များကို သတ်မှတ်ပေးရမည်။

၄၄။ ဥပဒေပုဒ်မ ၅၃ ပုဒ်မခွဲ(ခ)အရ လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းခံရသူသည် သတ်မှတ်ကာလ ကုန်ဆုံးသည့်အခါ လိုင်စင်ပြန်လည်ရရှိရန် သတ်မှတ်ချက်နှင့်အညီ ကော်မတီသို့လျှောက်ထားနိုင်သည်။

၄၅။ ကော်မတီသည် နည်းဥပဒေ ၄၄ အရ လျှောက်ထားသည့်လျှောက်လွှာကိုစိစစ်ပြီး သတ်မှတ်ချက်နှင့်ညီညွတ်ပါက သက်ဆိုင်ရာလိုင်စင်ကို ထုတ်ပေးနိုင်သည်။

## အခန်း (၄)
## ကော်မတီပိုင်အဆောက်အအုံများ

၄၆။ ကော်မတီသည် မိမိပိုင်အဆောက်အအုံများ ဆောက်လုပ်ရန်၊ ပြုပြင်မွမ်းမံရန်၊ ထိန်းသိမ်းရန်နှင့် ဖြိုဖျက်ရန်ကိစ္စများနှင့်စပ်လျဉ်း၍ စီမံချက်ချမှတ်ခြင်း၊ ဦးစားပေးစာရင်းရေးဆွဲခြင်း၊ ဘဏ္ဍာရေးနှစ်အလိုက် လျာထားသတ်မှတ်ခြင်း၊ အဆောက်အအုံပုံစံထုတ်ခြင်း၊ ပန္နက်ပုံစံထုတ်ခြင်း၊ ပစ္စည်းစာရင်းရေးဆွဲခြင်းနှင့် အတည်ပြုချက်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၄၇။ ကော်မတီသည် –

(က) အဆောက်အအုံများဆောက်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ထိန်းသိမ်းခြင်းနှင့် ဖြိုဖျက်ခြင်း လုပ်ငန်းတို့ကို ဌာနဆိုင်ရာလုပ်ငန်းအနေဖြင့်ဖြစ်စေ၊ ကန်ထရိုက်စနစ်ဖြင့်ဖြစ်စေ၊ မြေငှားစနစ်ဖြင့်ဖြစ်စေ၊ ဆောက်

လုပ်၍ သတ်မှတ်ကာလအပိုင်းအခြားအတွင်း လုပ်ငန်းလုပ်ကိုင်ပြီး လွှဲပြောင်းပေးသည့်စနစ်ဖြင့်ဖြစ်စေ သင့်လျော်သလို ဆောက်လုပ်ခွင့်ပြုနိုင်သည်။

(ခ) အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းကို ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်ပါက ကော်မတီတွင် မှတ်ပုံတင်ထားသော လိုင်စင်ရကန်ထရိုက်တာများထံမှ တင်ဒါစနစ်ဖြင့်ရွေးချယ်ပြီးဆောင်ရွက်ရမည်။

## အခန်း (၅)
## လူနေထိုင်ရန် မသင့်သည့် အဆောက်အအုံများ

၄၈။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်းရှိ အဆောက်အအုံတစ်ခု၏ ဥပစာမြေမျက်နှာပြင်သည် နိမ့်လွန်းနေသဖြင့် သို့မဟုတ် မြင့်လွန်းနေသဖြင့် ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူတို့အတွက် ကျန်းမာရေးကိုထိခိုက်စေခြင်း၊ စိတ်ငြိုငြင်မှုဖြစ်စေခြင်း သို့မဟုတ် အဆောက်အအုံများခိုင်ခံ့မှုကို ထိခိုက်စေခြင်းဖြစ်နိုင်သည်ဟု ယူဆပါက ယင်းအဆောက်အအုံပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူအား သတ်မှတ်သည့်ကာလအတွင်း ယင်းဥပစာ၏ မြေမျက်နှာပြင်ကို နိမ့်ရန် သို့မဟုတ် မည်သည့်မြေအမျိုးအစားဖြင့် မည်သည့်အမြင့်အထိဖို့ရန် ညွှန်ကြားနိုင်သည်။

၄၉။ အဆောက်အအုံ၏ ဥပစာပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူသည် နည်းဥပဒေ ၄၈ အရ ကော်မတီ၏ ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်ခြင်းမပြုသင့်ကြောင်း ဖြေရှင်းချက်နှင့်အတူ သတ်မှတ်ရက်အတွင်း ကော်မတီသို့ တင်ပြနိုင်သည်။

၅၀။ ကော်မတီသည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ညီညွတ်သည့်ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူအား ယင်းမြေဖယ်ခြင်း သို့မဟုတ် မြေဖို့ခြင်းလုပ်ငန်းအတွက် အမှန်ကုန်ကျမည့် ခန့်မှန်းခြေငွေကို သတ်မှတ်ရက်အတွင်း ပေးသွင်းရန် အကြောင်းကြားနိုင်သည်–

(က) ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူက သတ်မှတ်ရက်အတွင်း လိုက်နာဆောင်ရွက်ခြင်း မပြုသင့်ကြောင်း ဖြေရှင်းတင်ပြမှုမရှိခြင်း၊

(ခ) ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူက သတ်မှတ်ရက်အတွင်း ဖြေရှင်းတင်ပြသော်လည်း ဖြေရှင်းတင်ပြချက်သည် ခိုင်လုံမှုမရှိခြင်း၊

(ဂ) ပိုင်ရှင် သို့မဟုတ် နေထိုင် အသုံးပြုသူက ကော်မတီ၏ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်မှု မရှိခြင်း။

၅၁။ ကော်မတီသည် –

(က) ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူက သတ်မှတ်ရက်အတွင်း ကုန်ကျမည့်ခန့်မှန်းခြေငွေကို မပေးသွင်းလျှင် သို့မဟုတ် သတ်မှတ်ရက်အတွင်း မြေဖယ်ခြင်း သို့မဟုတ် မြေဖို့ခြင်းလုပ်ငန်းလုပ်ကိုင်ရန် ပျက်ကွက်လျှင် ကော်မတီ၏အစီအစဉ်ဖြင့် သင့်လျော်သည့်ကာလအတွင်း မြေဖယ်ခြင်း သို့မဟုတ် သတ်မှတ်သည့်မြေအမျိုးအစားဖြင့် သတ်မှတ်သည့်အမြင့်အထိ မြေဖို့ခြင်းလုပ်ငန်းကိုဆောင်ရွက်နိုင်သည်။

(ခ) နည်းဥပဒေခွဲ(က)အရ ကော်မတီ၏ အစီအစဉ်ဖြင့် မြေဖယ်ခြင်း သို့မဟုတ် မြေဖို့ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် မြေဖယ်ခ သို့မဟုတ် မြေဖို့ခကုန်ကျစရိတ်ကို သက်ဆိုင်ရာမြေပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူထံမှ တောင်းခံနိုင်သည်။

၅၂။ ကော်မတီသည် မြေမျက်နှာပြင် နိမ့်လွန်းနေသဖြင့် သို့မဟုတ် မြင့်လွန်းနေသဖြင့် ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူတို့အတွက် ကျန်းမာရေးကိုထိခိုက်စေခြင်း၊ စိတ်ငြိုငြင်မှုဖြစ်စေခြင်း သို့မဟုတ် အဆောက် အအုံများခိုင်ခံ့မှုကို ထိခိုက်စေခြင်းဖြစ်နိုင်သည်ဟု ထင်မြင်ယူဆသည့်မြေကွက်ပေါ်ရှိ အဆောက်အအုံ မီးလောင်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ ပြိုကျပျက်စီးသွားလျှင် သတ်မှတ်ကာလအတွင်း ယင်းမြေကွက်ကို မြေဖယ်ရန် သို့မဟုတ် သတ်မှတ်သည့်မြေအမျိုးအစားဖြင့် သတ်မှတ်သည့်အမြင့်အထိ မြေဖို့ရန် ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူအား ညွှန်ကြားနိုင်သည်။

၅၃။ မြေပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူသည် နည်းဥပဒေ ၅၂ အရ ကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၅၄။ ကော်မတီသည် မြေပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူက ယင်းမြေကွက်ကို သတ်မှတ်ချက်နှင့်အညီ မြေဖယ်ခြင်း သို့မဟုတ် မြေဖို့ခြင်း ပြုလုပ်ပြီးနောက်မှ ယင်းမြေကွက်ပေါ်တွင် အဆောက်အအုံဆောက်လုပ်ခြင်းအတွက် ခွင့်ပြုချက်ထုတ်ပေးရန် သင့် မသင့် ဆုံးဖြတ်ရမည်။

၅၅။ ကော်မတီသည် အဆောက်အအုံတစ်ခု သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ခုခုသည် ကျန်းမာရေးနှင့်မညီညွတ်၍ လူနေထိုင်ရန် မသင့်ကြောင်း စစ်ဆေးတွေ့ရှိပါက လူနေထိုင်ခွင့်ကို ရုပ်သိမ်းမည်ဖြစ်ကြောင်း သက်ဆိုင်ရာ ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူအား အကြောင်းကြားစာထုတ်ဆင့်နိုင်သည်။

၅၆။ သက်ဆိုင်ရာ ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူသည် နည်းဥပဒေ ၅၅ အရ ကော်မတီ၏ အကြောင်းကြားစာပါအတိုင်း ဆောင်ရွက်ခြင်းမပြုသင့်ကြောင်း အကျိုးအကြောင်းဖော်ပြချက်နှင့်အတူ အကြောင်းကြားစာ ရရှိသည့်နေ့မှ တစ်ဆယ့်ငါးရက်အတွင်း ကော်မတီသို့ ဖြေရှင်းတင်ပြနိုင်သည်။

၅၇။ ကော်မတီသည် နည်းဥပဒေ ၅၆ အရ သတ်မှတ်ရက်အတွင်း ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူက ဖြေရှင်းတင်ပြခြင်းမရှိလျှင်သော်လည်းကောင်း၊ ဖြေရှင်းတင်ပြချက်သည် ခိုင်လုံမှုမရှိလျှင်သော်လည်းကောင်း ယင်းအဆောက်အအုံ၌ နေထိုင်အသုံးပြုသူများအား ၎င်းတို့ပိုင်ပစ္စည်းများနှင့်အတူ ရက်ပေါင်းသုံးဆယ်အတွင်း ပြောင်းရွှေ့ထွက်ခွာသွားရန် ညွှန်ကြားနိုင်သည်။

၅၈။ ကော်မတီသည် နည်းဥပဒေ ၅၇ အရ အဆောက်အအုံမှ ပြောင်းရွှေ့ထွက်ခွာသွားရန် ညွှန်ကြားလျှင် ယင်းအဆောက်အအုံ သို့မဟုတ် ယင်းအဆောက်အအုံ၏အစိတ်အပိုင်း၌ လူနေထိုင်ခြင်းမပြုရန် တားမြစ်ချက် သင်္ကေတအမှတ်အသား ရေးမှတ်ထားရမည်။

၅၉။ ကော်မတီသည် ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူ၏ ဖြေရှင်းတင်ပြချက်အရ စိစစ်ပြီး ယင်းအဆောက်အအုံ သို့မဟုတ် ယင်းအဆောက်အအုံ၏အစိတ်အပိုင်းကို သင့်လျော်သည်အထိ ပြုပြင်လျှင် နေထိုင်အသုံးပြုနိုင်မည်ဟု ယူဆပါက လက်ရှိနေထိုင်အသုံးပြုသူများအား ပြောင်းရွှေ့ထွက်ခွာသွားစေခြင်းမပြုဘဲ လိုအပ်သော စည်းကမ်းချက်များ သတ်မှတ်၍ ဆက်လက်နေထိုင်အသုံးပြုခွင့်ပေးနိုင်သည်။

၆၀။ ကော်မတီသည် နည်းဥပဒေ ၅၇ သို့မဟုတ် နည်းဥပဒေ ၅၉ အရ ဆောင်ရွက်ပြီး ယင်းအဆောက်အအုံ သို့မဟုတ် ယင်းအဆောက်အအုံ၏ အစိတ်အပိုင်းကို တည်ဆောက်မှုဆိုင်ရာ ပြောင်းလဲပြင်ဆင်ခြင်းဖြင့်ဖြစ်စေ၊ ပြန်လည်ပြုပြင်ခြင်းဖြင့်ဖြစ်စေ နေထိုင်အသုံးပြုရန် သင့်လျော်မည်ဟုယူဆပါက သက်ဆိုင်ရာပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူအား အကြောင်းကြားစာရရှိသည့်နေ့မှ ခြောက်လအတွင်း တည်ဆောက်မှုဆိုင်ရာ ပြောင်းလဲပြင်ဆင်ခြင်းများ သို့မဟုတ် ပြန်လည်ပြုပြင်ခြင်းများဆောင်ရွက်ရန် ညွှန်ကြားနိုင်သည်။

၆၁။ ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူသည် နည်းဥပဒေ ၆၀ အရ ကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၆၂။ ကော်မတီသည် ယင်းအဆောက်အအုံ သို့မဟုတ် ယင်းအဆောက်အအုံ၏ အစိတ်အပိုင်းများနှင့်စပ်လျဉ်း၍ တည်ဆောက်မှုဆိုင်ရာ ပြောင်းလဲပြင်ဆင်ခြင်းများ သို့မဟုတ် ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ပြီးစီးကြောင်း စစ်ဆေးတွေ့ရှိရပါက မူလနေထိုင်အသုံးပြုသူများအား ပြန်လည်နေထိုင် အသုံးပြုခွင့်ပေးရမည်။

၆၃။ ကော်မတီသည် နည်းဥပဒေ ၆၀ အရ ကော်မတီ၏ ညွှန်ကြားချက်ကို ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူက သတ်မှတ်သည့် ခြောက်လ ကာလကုန်ဆုံးသော်လည်း တည်ဆောက်မှုဆိုင်ရာ ပြောင်းလဲ ပြင်ဆင်ခြင်းများ သို့မဟုတ် ပြန်လည်ပြုပြင်ခြင်းများကို လက်ခံကျေနပ်နိုင်သည်အထိ မဆောင်ရွက်လျှင်သော်လည်းကောင်း၊ ယင်းလုပ်ငန်းများအတွက် သတ်မှတ်ကာလကို တိုးမြှင့်ပေးရန် လျှောက်ထားခြင်း မပြုလျှင်သော်လည်းကောင်း သက်ဆိုင်ရာ ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူအား ယင်းအဆောက်အအုံ သို့မဟုတ် ယင်းအဆောက်အအုံ၏ အစိတ်အပိုင်းကို ရက်ပေါင်း သုံးဆယ် အတွင်း ဖြိုဖျက်ရန် ညွှန်ကြားနိုင်သည်။

၆၄။ ကော်မတီသည် ယင်းအဆောက်အအုံ သို့မဟုတ် ယင်းအဆောက်အအုံ၏ အစိတ်အပိုင်းကို တည်ဆောက်မှုဆိုင်ရာ ပြောင်းလဲပြင်ဆင်ခြင်းဖြင့်ဖြစ်စေ၊ ပြန်လည်ပြုပြင်ခြင်းဖြင့်ဖြစ်စေ ပြုလုပ်သည့်တိုင်အောင် နေထိုင်အသုံးပြုရန် မဖြစ်နိုင်ဟု ယူဆပါက သက်ဆိုင်ရာပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူအား အကြောင်းကြားစာရသည့်နေ့မှ ရက်ပေါင်း သုံးဆယ်အတွင်း ဖြိုဖျက်ရန် ညွှန်ကြားနိုင်သည်။

၆၅။ ကော်မတီသည် နည်းဥပဒေ ၆၃ သို့မဟုတ် နည်းဥပဒေ ၆၄ အရ သတ်မှတ်သည့်ရက်ပေါင်း သုံးဆယ်အတွင်း ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူက ယင်းအဆောက်အအုံ သို့မဟုတ် ယင်းအဆောက်အအုံ၏ အစိတ်အပိုင်းကို ဖြိုဖျက်ခြင်းမပြုလျှင် သော်လည်းကောင်း၊ သတ်မှတ်ကာလကို တိုးမြှင့်ပေးရန် လျှောက်ထားခြင်းမပြုလျှင်သော် လည်းကောင်း ကော်မတီ၏ အစီအစဉ်ဖြင့် ဖြိုဖျက်နိုင်သည်။

၆၆။ ကော်မတီသည် ယင်းအဆောက်အအုံ သို့မဟုတ် ယင်းအဆောက်အအုံ၏ အစိတ်အပိုင်းကို ကော်မတီ၏ အစီအစဉ်ဖြင့် ဖြိုဖျက်ရာတွင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ကုန်ကျစရိတ်ကို ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူထံမှ တောင်းခံခြင်း၊

(ခ) ကုန်ကျစရိတ်ကို ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူက မပေးပါက ဖြိုဖျက်ထားသော အိမ်ဆောက်ပစ္စည်းများကို လေလံတင်ရောင်းချပြီး ကုန်ကျစရိတ်ကို နှုတ်ယူ၍ပိုငွေကို ပိုင်ရှင်အား ပြန်ပေးခြင်း၊

(ဂ) ကုန်ကျစရိတ်သည် လေလံတင်ရောင်းချရငွေထက် ပိုမိုနေပါက ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူထံမှ လိုငွေကို သတ်မှတ်ကာလအတွင်း ထပ်မံပေးသွင်းရန်တောင်းခံခြင်း၊

(ဃ) နည်းဥပဒေခွဲ(ဂ)အရ တောင်းခံသည့်လိုငွေကို ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူက သတ်မှတ်ကာလအတွင်း မပေးသွင်းပါက ယင်းငွေကို မြေခွန်မပြေ ကျန်ငွေဖြစ်သကဲ့သို့အရ တောင်းခံနိုင်ခြင်း။

၆၇။ ကော်မတီသည် ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူက လုံလောက်သည့်အကြောင်းပြချက်ဖြင့် အဆောက်အအုံ ဖြိုဖျက်ရန် သတ်မှတ်ထားသည့်ရက်ပေါင်း သုံးဆယ် ထက်ပိုမို၍ အချိန်ကာလတိုးမြှင့်ပေးရန် လျှောက်ထားလာပါက သင့်လျော်သည့်အချိန်ကာလကို တိုးမြှင့်ပေးနိုင်သည်။

၆၈။ ကော်မတီသည် အဆောက်အအုံတစ်ခုဖြစ်စေ၊ ယင်း၏နံရံဖြစ်စေ၊ ယင်း၏အဓိက အစိတ်အပိုင်းများဖြစ်စေ၊ ယင်းနှင့်ဆက်စပ်နေသော အစိတ်အပိုင်းတစ်ခုခုဖြစ်စေ ယိုယွင်းပျက်စီးနေသည့် သို့မဟုတ် အန္တရာယ်ဖြစ်စေနိုင်သည့် အခြေအနေတွင်ရှိသည်ဟု တွေ့ရှိရပါက အများပြည်သူ၏ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ယင်းအဆောက်အအုံကို အဆောတလျင် ဖြိုဖျက်ရန် ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူအား ညွှန်ကြားနိုင်သည်။

၆၉။ ကော်မတီသည် -

(က) နည်းဥပဒေ ၆၈ အရ ဖော်ပြသည့်အဆောက်အအုံသည် မလွဲမသွေ ပြိုကျပျက်စီး၍ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် အခြေအနေတွင်ရောက်ရှိနေပြီဟု ယူဆလျှင်ဖြစ်စေ၊ လိုအပ်ချက်အရ သက်ဆိုင်ရာမှ ဖယ်ရှားရန် အကြောင်းကြားသော်လည်း ဖယ်ရှားခြင်းမပြုလျှင်ဖြစ်စေ၊ အရေးပေါ်အခြေအနေ တစ်ရပ်ရပ်ပေါ်ပေါက်လျှင်ဖြစ်စေ ယင်းအဆောက်အအုံအား ဖြိုဖျက်ရန် အကြောင်းကြားစာမထုတ်ဆင့်ဘဲအဆောက်အအုံတွင် နေထိုင်သူများနှင့် ယင်းတို့ပိုင်ပစ္စည်းအားလုံးကို အင်အားသုံး၍ဖယ်ရှားပြီး ကော်မတီ၏အစီအစဉ်ဖြင့် ဖြိုဖျက်နိုင်သည်။

(ခ) ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူက အဆောက်အအုံကို ဖြိုဖျက်ရန် ဆန္ဒရှိကြောင်းလျှောက်ထားလျှင် လိုအပ်သောစည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်။

(ဂ) နည်းဥပဒေခွဲ(က)အရ ကော်မတီ၏ အစီအစဉ်ဖြင့် အဆောက်အအုံအား ဖြိုဖျက်ရာတွင် ကုန်ကျစရိတ်ကို ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူထံမှ တောင်းခံနိုင်သည်။

(ဃ) နည်းဥပဒေခွဲ(ဂ)အရ တောင်းခံသည့်ကုန်ကျစရိတ်ကို ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူက သတ်မှတ်ကာလအတွင်း မပေးသွင်းပါက ယင်းငွေကို မြေခွန်မပြေ ကျန်ငွေဖြစ်သကဲ့သို့ အရတောင်းခံနိုင်သည်။

၇၀။ ကော်မတီသည် အဆောက်အအုံတစ်ခုတွင်ဖြစ်စေ၊ ခြံဝင်းတစ်ခုတွင်ဖြစ်စေ ချုံနွယ်ပိတ်ပေါင်းများ ပေါက်ရောက်နေခြင်း၊ ကျန်းမာရေးထိခိုက်စေသည့် အနံ့ဆိုးများထွက်နေခြင်း သို့မဟုတ် ခြစည်းရိုး ပေါက်ပြဲပျက်စီးနေခြင်းကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများအား အနှောင့်အယှက် ဖြစ်စေသည်ဟု ယူဆပါက ယင်းအဆောက်အအုံ သို့မဟုတ် ခြံဝင်းကို ရှင်းလင်းစေရန်၊ ခြံစည်းရိုး ပြင်ဆင်ကာရံစေရန် သို့မဟုတ် သန့်ရှင်းရေးပြုလုပ်စေရန် ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူအား ညွှန်ကြားနိုင်သည်။

၇၁။ ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူသည် နည်းဥပဒေ ၇၀ အရ ကော်မတီက ထုတ်ဆင့်သည့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၆)
## ကျူးကျော်ခွန် ကောက်ခံခြင်း

၇၂။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်းရှိ အများပြည်သူဆိုင်ရာလမ်းပေါ်တွင် ကျူးကျော်ဆောက်လုပ်ထားပြီးဖြစ်သော စမုတ်ဆောင်၊ လသာဆောင်၊ ဆင်ဝင်၊ နေကာ၊ တံစက်မြိတ်၊ လှေကားထစ်၊ အုတ်ခုံ၊ အုတ်မြစ်၊ ဆင်ခြေလျှော၊ ဓါတ်ဆီဆိုင်၊ ဓါတ်ဆီပန့်၊ မိလ္လာကန်၊ လူကူးခုံးကျော် တံတား၊ ယာယီမဏ္ဍပ် သို့မဟုတ် အခြားအဆောက်အအုံတစ်ခုခုကို ကျူးကျော်ခွန်ကောက်ခံရယူပြီး ဆက်လက်တည်ရှိ ခွင့်ပြုနိုင်သည်။ လိုအပ်ပါက ပြန်လည်ဖျက်သိမ်းရန် ညွှန်ကြားနိုင်သည်။

၇၃။ နည်းဥပဒေ ၇၂ ပါ ကျူးကျော်အဆောက်အအုံ တစ်ခုခုကို မြို့တော်နယ်နိမိတ်အတွင်းရှိ အများပြည်သူဆိုင်ရာလမ်းပေါ်တွင် ဆောက်လုပ်လိုသူသည် သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၇၄။ ကော်မတီသည် နည်းဥပဒေ ၇၃ အရ ကျူးကျော်ခွန်ကောက်ခံရာတွင် အများပြည်သူဆိုင်ရာ လမ်းပေါ်တွင် ကျူးကျော်ဆောက်လုပ်ထားသည့် အစိတ်အပိုင်း၏ ထုထည် သို့မဟုတ် ဧရိယာပေါ်မူတည်၍ တွက်ချက်ရမည်။

၇၅။ ကော်မတီသည် –

(က) အဆောက်အအုံများဆောက်လုပ်ရာတွင် သုံးစွဲသည့်ဆောက်လုပ်ရေးပစ္စည်းများကို ကော်မတီပိုင်လမ်းပေါ်တွင်စုပုံထားရန် ယာယီအစီအစဉ်ဖြင့် စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုနိုင်သည်။

(ခ) နည်းဥပဒေခွဲ(က)အရ ခွင့်ပြုရာတွင် လမ်းသွားလမ်းလာတို့၏ သွားလာမှုကိုမထိခိုက်စေရန် ယာဉ်သွားလမ်း၊ လမ်းပခုံးသား၊ ပလက်ဖောင်း၊ ရေမြောင်းတို့၏ အကျယ်အဝန်းကိုစိစစ်ပြီး အတိုင်းအတာသတ်မှတ်၍ ခွင့်ပြုနိုင်သည်။

(ဂ) နည်းဥပဒေခွဲ(က)အရ ခွင့်ပြုရာတွင် ခွင့်ပြုသည့်ကာလကို တစ်ပါတည်း သတ်မှတ်နိုင်သည်။

(ဃ) သတ်မှတ်သည့်ခွင့်ပြုကာလအတွင်း ဆောက်လုပ်ရေးလုပ်ငန်းမပြီးသေးပါက ဆောက်လုပ်ရေးပစ္စည်းများစုပုံခွင့်ကို စည်းကမ်းချက်များသတ်မှတ်၍ ကာလတိုးမြှင့်ပေးနိုင်သည်။

၇၆။ နည်းဥပဒေ ၇၅၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပြုမိန့်ရရှိသူသည် ခွင့်ပြုမိန့်ကို အများပြည်သူမြင်နိုင်စေရန် ဆောက်လုပ်ရေးပစ္စည်းစုပုံသည့်နေရာတွင် ခွင့်ပြုသည့်ကာလနှင့် ခွင့်ပြုသည့်အကျယ်အဝန်း၊ အတိုင်းအတာကို ဖော်ပြချိတ်ဆွဲထားရှိရမည်။

၇၇။ ကော်မတီသည် -

(က) ကော်မတီပိုင် လမ်းပေါ်တွင် ဆောက်လုပ်ရေးပစ္စည်းစုပုံ ကျူးကျော်ခွန်ကို ဧရိယာအပေါ်အခြေခံ၍ စည်းကြပ်ကောက်ခံနိုင်သည်။

(ခ) ဆောက်လုပ်ရေးပစ္စည်း စုပုံကျူးကျော်သည့် အချိန်ကာလအပေါ်မူတည်ပြီး ကျူးကျော်ခွန်ကို တိုးမြှင့်စည်းကြပ်ကောက်ခံနိုင်သည်။

(ဂ) လိုအပ်ပါက စုပုံကျူးကျော်ခွင့်ကို ပြန်လည်ပယ်ဖျက်နိုင်သည်။

## အခန်း (၇)
## ဆိုင်းဘုတ်နှင့်ကြော်ငြာများ

၇၈။ မြို့တော်နယ်နိမိတ်အတွင်းရှိ ကော်မတီပိုင်လမ်းများ၊ ဓါတ်အားပေးတိုင်များ၊ တယ်လီဖုန်းတိုင်များ၊ တံတားများပေါ်တွင်ဖြစ်စေ၊ အစိုးရဌာန၊ အဖွဲ့အစည်းဆိုင်ရာမြေကွက်များ၊ ပုဂ္ဂလိကပိုင်မြေကွက်များ သို့မဟုတ် တိုက်နံရံများပေါ်တွင်ဖြစ်စေ၊ မြို့တော်နယ်နိမိတ်အတွင်း ပြေးဆွဲနေသောယာဉ်များ သို့မဟုတ် မြို့ပတ်မီးရထားများတွင်ဖြစ်စေ ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်း၊ ကြော်ငြာဆိုင်းဘုတ်တပ်ဆင်ခြင်း၊ ကြော်ငြာကပ်ခြင်း၊ ကြော်ငြာချိတ်ဆွဲခြင်း သို့မဟုတ် ကြော်ငြာရေးဆွဲခြင်း ပြုလုပ်လိုသူသည် ခွင့်ပြုချက်ရရှိရန် ကြော်ငြာဆိုင်းဘုတ် သို့မဟုတ် ကြော်ငြာနမူနာပုံစံပူးတွဲ၍ သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၇၉။ ကော်မတီသည် -

(က) နည်းဥပဒေ ၇၈ အရ လျှောက်လွှာလက်ခံရရှိသည့်အခါ စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ခွင့်ပြုမိန့်ရရှိသူထံမှ သတ်မှတ်ထားသည့် ကြော်ငြာခွန် လက်ခံရရှိလျှင် ခွင့်ပြုချက်ထုတ်ပေးရမည်။

၈၀။ ကော်မတီသည် -

(က) ကြော်ငြာဆိုင်းဘုတ်များနှင့် ကြော်ငြာစင်များ ခိုင်ခံ့မှု ရှိ မရှိ နှင့် မြို့တော်၏သာယာလှပမှုကို ထိခိုက်စေခြင်း ရှိ မရှိ တို့ကို အခါအားလျော်စွာ စစ်ဆေးရမည်။

(ခ) လိုအပ်ပါက ပြင်ဆင်မွမ်းမံရန် သို့မဟုတ် အသစ်ပြုလုပ်ရန် သို့မဟုတ် ဖြုတ်သိမ်းရန် သက်ဆိုင်သူအား ညွှန်ကြားနိုင်သည်။

(ဂ) လိုအပ်ပါက ကြော်ငြာဆိုင်းဘုတ် စိုက်ထူခြင်း၊ တပ်ဆင်ခြင်း၊ ကပ်ခြင်း၊ ရေးဆွဲခြင်း ဆောင်ရွက်ခြင်း မပြုရမည့်နယ်မြေ၊ အဆောက်အအုံ၊ သစ်ပင်၊ နံရံ နှင့် တိုင် စသည်များ သတ်မှတ်နိုင်သည်။

၈၁။ ကော်မတီသည် ခွင့်ပြုချက်မရှိဘဲ တပ်ဆင်ထားသည့်ကြော်ငြာများ၊ ခိုင်ခံ့မှုနှင့် အမြင်တင့်တယ်ခြင်းမရှိသည့် ကြော်ငြာများကို ကော်မတီ၏ အစီအစဉ်ဖြင့် ဖြုတ်သိမ်းနိုင်သည်။ ယင်းသို့ ဖြုတ်သိမ်းရာတွင် ဖြုတ်သိမ်းသည့်ပစ္စည်းများနှင့်စပ်လျဉ်း၍ ကော်မတီတွင် တာဝန်မရှိစေရ။

## အခန်း (၈)
## တားမြစ်ချက်များ

၈၂။ မည်သူမျှ ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်းရှိ အများပြည်သူနှင့်သက်ဆိုင်သော အဆောက်အအုံများနှင့် ယင်းတို့၏ အစိတ်အပိုင်းများ၊ လမ်းများ၊ တံတားများ၊ စာသင်ကျောင်းများ၊ ပန်းခြံနှင့် အားကစားကွင်းများနှင့် ယင်းတို့၏ အစိတ်အပိုင်းများတွင်လည်းကောင်း၊ အခြားအဆောက်အအုံနှင့် ယင်းတို့၏အစိတ်အပိုင်းများတွင်လည်းကောင်း အများပြည်သူ၏မြင်ကွင်း၌ ဆေးခြယ်ခြင်း၊ စာလုံးများ ရေးသားခြင်းနှင့် ရုပ်ပုံများ ရေးဆွဲခြင်း မပြုလုပ်ရ။

၈၃။ မည်သူမျှ ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ အဆောက်အအုံတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ဖျက်ဆီးခြင်း၊ မူလကြံ့ခိုင်မှုလျော့နည်းအောင်ဆောင်ရွက်ခြင်း မပြုရ။

၈၄။ မည်သူမျှ ဆောက်လုပ်၍မပြီးစီးသေးသည့် အဆောက်အအုံတစ်ခုတွင်ဖြစ်စေ၊ ယင်းအဆောက်အအုံ၏ အစိတ်အပိုင်းတစ်ခုတွင်ဖြစ်စေ ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်နေထိုင်ခြင်း၊ အသုံးပြုခြင်းမပြုရ။

၈၅။ မည်သူမျှ ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ အဆောက်အအုံ၏ နေရောင်ကာ၊ ကွန်ကရစ်ပန်း၊ ကွန်ကရစ်ဖောင်းလိုင်း၊ လေအေးပေးစက်နှင့် ယင်းကဲ့သို့အလားတူပစ္စည်းများအား မိမိပိုင်နယ်နိမိတ်မှ ကျော်လွန်တပ်ဆင်ခြင်းမပြုရ။

၈၆။ မည်သူမျှ ကော်မတီက ပြန်လည်ပြုပြင်ရန် ညွှန်ကြားထားသည့် အဆောက်အအုံအတွင်း ပြန်လည်ပြုပြင်ခြင်း မပြုမီ နေထိုင်ခြင်းမပြုရ။

၈၇။ မည်သူမျှ ကော်မတီက ပြန်လည်ပြုပြင်ရန် ညွှန်ကြားထားသည့် အဆောက်အအုံကို ပြန်လည်ပြုပြင်ရန် ပျက်ကွက်ခြင်းမရှိစေရ။

၈၈။ မည်သူမျှ ကော်မတီ၏ ခွင့်ပြုချက်ဖြင့် ငါးနှစ်အထိ သက်တမ်းတိုးမြှင့်၍ ဆောက်လုပ်ခွင့်ပြုသော်လည်း ပြီးစီးအောင်ဆောက်လုပ်နိုင်ခြင်းမရှိသဖြင့် ကော်မတီမှ နောက်ဆုံးတိုးမြှင့်သတ်မှတ်ပေးသည့် အချိန်အတွင်း ပြီးစီးအောင် ဆောက်လုပ်ရန် ညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိစေရ။

၈၉။ မည်သူမျှ ကော်မတီက မြို့တော်နယ်နိမိတ်အတွင်းရှိ မြေနေရာတွင် မြေကွက်လပ်ဖြစ်နေသဖြင့် ယင်းမြေကွက်တည်ရှိရာ လမ်း သို့မဟုတ် ဒေသ၏ဗိသုကာဆိုင်ရာ လိုအပ်ချက်အရဖြစ်စေ၊ မြို့တော်မြင်ကွင်းသာယာလှပစေရန်အတွက်ဖြစ်စေ၊ မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်စေရန်အတွက်ဖြစ်စေ အဆောက်အအုံဆောက်လုပ်ရန် လိုအပ်သည်ဟု ယူဆပါက ယင်းမြေကွက်ပေါ်တွင် ကော်မတီက သတ်မှတ်သည့်အဆောက်အအုံ ပုံစံအတိုင်း သတ်မှတ်ကာလအတွင်း ဆောက်လုပ်ရန် ညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိစေရ။

၉၀။ မည်သူမျှ အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်ကို ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် ဖော်ပြချိတ်ဆွဲထားခြင်းမပြုဘဲ အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းမပြုရ။

၉၁။ မည်သူမျှ အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးကို မထိခိုက်စေရန် ကော်မတီ၏ ညွှန်ကြားချက်အား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းမရှိစေရ။

၉၂။ မည်သူမျှ အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရာတွင် လျှပ်စစ်မီတာတပ်ဆင်ခြင်း၊ လျှပ်တာပြောင်း (ထရန်စဖော်မာ)တပ်ဆင်ခြင်း၊ အရေးပေါ်ထွက်ပေါက် တပ်ဆင်ခြင်း၊ ရေဆိုးစွန့်ပစ်ခြင်း၊ အမှိုက်စွန့်ပစ်ခြင်း၊ မီးဘေးလုံခြုံရေးစနစ်ဆောင်ရွက်ခြင်း၊ လမ်းတံတားဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများ၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရန် ပျက်ကွက်ခြင်းမရှိစေရ။

၉၃။ မည်သူမျှ ကော်မတီ၏အဆောက်အအုံ၌ တွယ်ကပ်သစ်ပင်ရှင်းလင်းရန်၊ ပြင်ဆင်ရန်၊ ထုံးသုတ်ရန်၊ ဆေးသုတ်ရန်နှင့် ဖြိုဖျက်ပြီး အသစ်ထပ်မံဆောက်လုပ်ရန်စသည့် ညွှန်ကြားချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိစေရ။

၉၄။ မည်သူမျှ ကော်မတီ၏ ခွင့်ပြုချက်ဖြင့် အဆောက်အအုံတစ်ခုခုအား ဝင်ရောက်တိုင်းတာစစ်ဆေးမည့်အဖွဲ့ဝင်တစ်ဦးဦး သို့မဟုတ် အဖွဲ့ဝင်များအား ဟန့်တားနှောင့်ယှက်ခြင်းမပြုရ။

၉၅။ မည်သူမဆို ဤနည်းဥပဒေများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် ၂၀၁၃ ခုနှစ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေအရ အရေးယူခြင်း ခံရမည်။

## အခန်း (၉)
## အထွေထွေ

၉၆။ ကော်မတီသည် ခွင့်ပြုမိန့်ဖြင့်ဆောက်လုပ်နေသော အဆောက်အအုံကို ဆက်လက်ဆောက်လုပ်ခြင်းမပြုစေရန် ခိုင်လုံသောအကြောင်းပြချက်နှင့် အထောက်အထားရှိလျှင်သော်လည်းကောင်း၊ အဆောက်အအုံဆောက်လုပ်ခွင့်ရသူသည် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင်သော်လည်းကောင်း ခွင့်ပြုမိန့်ကို ကာလ အကန့်အသတ်ဖြင့် ရပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၉၇။ ခွင့်ပြုမိန့်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းခံရသူသည် ခွင့်ပြုမိန့်ပြန်လည်ရရှိရန် ကော်မတီသို့ လျှောက်ထားနိုင်သည်။

၉၈။ ကော်မတီသည် နည်းဥပဒေ ၉၇ အရ လျှောက်ထားသည့်လျှောက်လွှာကိုစိစစ်ပြီး သတ်မှတ်ချက်နှင့် ညီညွတ်ပါက ခွင့်ပြုမိန့်ကို ပြန်လည်ထုတ်ပေးနိုင်သည်။

၉၉။ ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအရ အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရန်၊ မြေတိုင်းတာရန် သို့မဟုတ် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုကို ကြီးကြပ်ရန် ကော်မတီက တာဝန်ပေးအပ်ခြင်း ခံရသည့် စည်ပင်သာယာဝန်ထမ်းသည် ရပ်ကွက်လူကြီးနှစ်ဦးနှင့်အတူ သက်ဆိုင်ရာ အဆောက်အအုံ သို့မဟုတ် မြေနေရာ အတွင်းသို့ ဝင်ရောက်ခွင့်ရှိသည်။

၁၀၀။ ကော်မတီသည် အစိုးရဌာနအဖွဲ့အစည်းတစ်ခုခု၏ လိုအပ်ချက်အရဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦး၏ လျှောက်ထား ချက်အရဖြစ်စေ အဆောက်အအုံတစ်ခုခုအား တိုင်းတာစစ်ဆေးရန် လိုအပ်ပါက ဝင်ရောက်တိုင်းတာစစ်ဆေးနိုင်သည်။

၁၀၁။ ကော်မတီ၏ ခွင့်ပြုချက်အရ ဆောင်ရွက်သောတိုင်းတာစစ်ဆေးရေးအဖွဲ့သည် တိုင်းတာစစ်ဆေးရမည့် အဆောက်အအုံသို့ ဝင်ရောက်တိုင်းတာစစ်ဆေးခွင့်ရှိသည်။

၁၀၂။ ကော်မတီသည် ဤနည်းဥပဒေများအရ ဆောင်ရွက်ရန်ရှိသော လုပ်ငန်းတာဝန်များကို မိမိလက်အောက်ရှိ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၁၀၃။ ကော်မတီသည် ဤနည်းဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် အကူအညီများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့အပါအဝင် သက်ဆိုင်ရာ အစိုးရဌာနများထံမှ တောင်းခံနိုင်သည်။

၁၀၄။ ကော်မတီသည် ဤနည်းဥပဒေများပါကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်သည်။

လှမြင့်
ဥက္ကဋ္ဌ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ